# ဗဟိုစာရင်းအင်းအဖွဲ့၊ ညွှန်ကြားရေးမှူးချုပ်နှင့် အဖွဲ့သည် International Growth Centre (IGC) Mission အဖွဲ့အားလက်ခံတွေ့ဆုံ

## ၂၀၂၀ ပြည့်နှစ် မတ်လ (၄) ရက်

စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ ဗဟိုစာရင်းအင်းအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဦးဆန်းမြင့်နှင့် တာဝန်ရှိသူများသည် (၄-၃-၂၀၂၀) ရက်နေ့ နေ့လည်၃:၀၀ နာရီတွင် IGC Mission မှ Country Director ဖြစ်သူ Mr. Ian Porter နှင့် IGC's Research Director ဖြစ်သူ Dr.Matthieu Teachout တို့အား ရုံးအမှတ်(၃၂)၊ အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံခဲ့ပါသည်။ ထိုသို့လက်ခံတွေ့ဆုံရာ၌ IGC အဖွဲ့အစည်းသည် အတွေ့အကြုံရှိသော သုတေသီများဖြင့် "မြန်မာနိုင်ငံ၏ ကုန်သွယ်မှုဆိုင်ရာဖြေလျှော့မှုသည် ပြည်တွင်းဈေးနှုန်းများနှင့် ယှဉ်ပြိုင်ခြင်းအပေါ် အကျိုးသက်ရောက်မှုများ"အတွက် မြန်မာနိုင်ငံ စားသုံးသူ ဈေးဆနှုန်းကိန်း အခြေခံ၍ အလားအလာရှိသော သုတေသနစာတမ်းများကို ပူးပေါင်းဆောင်ရွက်လိုပါကြောင်း ဆွေးနွေးခဲ့ကြပါသည်။

